ထိုင်ဝမ်ဒီပထေရဝါဒသာသနာတက္ကသိုလ်
သာသနာအကျိုးတော်ဆောင်အဖွဲ့

သန္တိသုခဝနတောရကျောင်းတည်ဆောက်ရေး   သတင်းလွှာ (၄)   2012/01/22 發行

# ဒုတိယပိုင်းတောင်ပေါ်တည်ဆောက်ရေးလုပ်ငန်း

**၁။ နိဒါန်း**

သာသနာတော်ရေရှည်တည်တံ့ခိုင်မြဲရေး ၊ မြတ်စွာဘုရားဂုဏ်ကျေးဇူး ကို အောက်မေ့ကြည်ညိုသောအားဖြင့် ၂၀၁၁ ခုနှစ်မှစ၍ "သန္တိသုခဝနတောရကျောင်း "ကိုတည်ဆောက်ခဲ့ပါသည် ။ သံဃာတော်များ အေးချမ်းစွာသီတင်းသုံး နေထိုင်ရေး ၊ အများပြည်သူတို့ တရားကျင့်ကြံနိုင်ရေး ၊ ဗောဓိဉာဏ်ရရှိနိုင်ရေး ၊ ထိုင်ဝမ်တွင်ထေရဝါဒ အခြေခိုင်ရေး အတွက် ရည်ရွယ်ပါသည်။



ဤတစ်နှစ်တာကာလ အတွင်း ဖားအောက်တောရဆရာတော်ကြီး၏ လမ်းညွှန်မှု ၊ ဆရာတော်များ၏ ဦးဆောင်မှု၊ ဓမ္မမိတ်ဆွေ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့မှု တို့ဖြင့် အခြေခံအုတ်မြစ်ကို စတင်ချနိုင်ခဲ့ပြီး ရိုးရှင်းလှသော အဆောက်အဦးများကိုတည်ဆောက်နိုင်ခဲ့ပါသည်။ ဤဘာသာရေးဌာန အတွင်း ဒေသ သုံးခု ခွဲထားပါသည်။ တောင်ပေါ်အမျိုးသားတရားအားထုတ်ရန်ဒေသ ၊  တောင်အောက်အမျိုးသမီးတရားအားထုတ်ရန်ဒေသ နှင့် အများနှင့်သက်ဆိုင်သောဒေသ ဟူ၍ခွဲခြားထားပါသည်။ တောင်အောက်ရှိ " ရတနာဒီပ ဓမ္မာရုံ " သည် အဓိက တရားထိုင်ရန် အသုံးပြုသော ခန်းမဖြစ်ပါသည်။ ၂၀၁၁ ခု နိဝင်ဘာလ အတွင်းဖားအောက်ဆရာတော်ကြီး ဦးဆောင်သော သာသနာပြုလုပ်ငန်းများ ၊ သြဝါဒခံယူပွဲ ၊ တရားပွဲ ၊ သိမ်အောင်ပွဲ အခမ်းအနားများ ကျင်းပရာနေရာလည်းဖြစ်ပါသည်။ ယာယီတဲငယ်များအပါအဝင် ဤအဆောက်အဦးများတွင် ပရိတ်သတ် တစ်ရာကျော် လာရောက်၍ သာသနာပြုလုပ်ငန်းများကိုပါဝင်ခဲ့ကြပါသည်။

၂၀၁၂ ခုနှစ်မှစ၍ တောင်ပေါ်ဆောက်လုပ်ရေးလုပ်ငန်းများ ကို အဓိကထား၍ ဆောင်ရွက်ပါသည် ။ တောင်ပေါ်ရှိသိမ်နေရာတွင် " သံဃဒီပသိမ်တော် " ကိုတည်ဆောက်ပါမည်။ ဖားအောက်ဆရာတော်ကြီးနှင့် အခြားသော ဆရာတော်များ သီတင်းသုံးရန် သီးသန့်ကျောင်းဆောင်များ တည်ဆောက်ပါမည်။ ဤကျောင်းဆောင်များကို ယခုနှစ် ဇူလိုင်လတွင်ကျင်းပမည့် ဖားအောက်ဆရာတော်ကြီး ဦးဆောင်သော တက္ကသိုလ်ကျောင်းသား/ ဆရာ များ ၏ ဒုလ္လဘရဟန်းခံပွဲ နှင့် တရားစခန်းတွင် စတင်အသုံးပြုပါမည်။

ကြုံလှခဲစွာသော ဤအခွင့်အရေးကိုလက်မလွှတ်စေပဲ ဓမ္မမိတ်ဆွေ သူတော်စင်များ လှူဒါန်းထောက်ပံ့နိုင်ကြပါကြောင်း တိုက်တွန်း နိုးဆော် အပ်ပါသည် ။ သာဓု .. သာဓု ... သာဓု ... !!!

**၂။ လှူဒါန်းနိုင် သည့်နေရာ နှင့် ကုန်ကျစရိတ်**

၂၊ ၁ ။ တောရကျောင်းမြေနေရာ ( ၁၆ ဧက )

總共 2 萬餘坪，每坪約 500 元　အလှူငွေများ လိုအပ်လျှက် ရှိပါသည်

၂၊ ၂ ။ တောင်ပေါ်အဆောက်အဦး (၁) ~ သံဃဒီပသိမ်တော်

၂၊ ၃ ။ တောင်ပေါ်အဆောက်အဦး (၂) ~ ဆရာတော်ကြီးများသီတင်းသုံးရန်သီးသန့် ကျောင်းဆောင်များ

(可註明發心項目　　鎮山建物將視淨資情形而決定建材、規模與建築設計等)

(一)專用帳戶：第一銀行　新化分行　　帳號：6255-0287-595　戶名：法藏講堂

(二)郵政劃撥帳號：3145-1523 戶名：法藏講堂　(請註明：籌建森林道場)

